# ကရင်တောင်တန်းများအတွက် ငြိမ်းချမ်းရေးနှင့် ယုံကြည်မှု

**ရေးသားသူ- အက်(ရှ်)လေဆောက် (Ashley South)                    ၁၄ ဖေဖော်ဝါရီလ၊ ၂၀၁၇။**

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်မာစစ်တပ်မှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆက်လက်ကျူးလွန်နေလျက်ရှိသည့် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လက်နက်ကိုင်တိုက်ပွဲများကြောင့် အကျပ်အတည်းများ ကြုံတွေ့နေရလျက် ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် ဒေသများရှိ လူမှုအသိုင်းအဝိုင်းများတွင်မူ ဆယ်စုနှစ်များစွာ ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခများမှ ပြန်လည်ထူထောင်ရန် ကြိုးပမ်းမှုများ၊ အပစ်အခတ်ရပ်စဲရေးများအား စတင်လုပ်ဆောင်လာနေသည်။ မြန်မာနိုင်ငံတွင်း၌ပင်ဖြစ်သော်လည်း အစိုးရ၏ အချုပ်အခြာ အာဏာစက်များအောက်တွင် ထီးတည်း တည်ရှိစွာ သီးခြား နေထိုင်ခဲ့ရသောကြောင့်၊ ပဋိပက္ခဒဏ် ခံစားခဲ့ရရှာသော ထိုဒေသများသည် အခြေခံလူမှုလုံခြုံရေးများနှင့် စားဝတ်နေမှု ဖူလုံရေး ကိစ္စရပ်များအတွက် လိုအပ်ချက်များစွာ ရှိနေပါသည်။

ဇန်နဝါရီလအလည်လောက်၌ ကျွန်ုပ်သည် ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ခလဲ့လွီးထူး ခရိုင်ရှိ၊ ကရင်ဘာသာစကားအခေါ် လာ့ဒို့မြို့နယ်သို့ သုံးရက်တာ လမ်းလျှောက်ခရီးစဉ်ဖြင့် သွားရောက်ခဲ့ပါသည်။ ဤဒေသအား မြန်မာပြည် ဗဟိုအစိုးရဘက်မှ ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်ဟု တရားဝင် ခေါ်ဝေါ်သတ်မှတ် ထားပါသည်။ ယခုခရီးစဉ်မှာ ကျွန်ုပ်မှ ၂၀၀၈ - ၂၀၁၅ ခုနှစ်များအတွင်း ခြောက်ကြိမ်ထက်မနည်း သွားရောက်ခဲ့သည့် ဤဒေသသို့၊ ယခုတဖန် ပြန်လည်လည်ပတ်သည့် ခရီးစဉ်တစ်ခုဖြစ်သည်။

**အပစ်အခတ်ရပ်စဲရေး မပြုလုပ်မီနှင့် ပြုလုပ်ပြီးကာလ**

ကျွန်ုပ်မှ ဤတောင်တန်းဒေသသို့ ၂၀၀၈ ခုနှစ်အတွင်း လာရောက်လည်ပတ်ခဲ့စဉ်၌၊ ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် လူသားချင်းစာနာထောက်ထားကူညီမှုဆိုင်ရာ ခရစ်ယာန်အဖွဲ့တစ်ခုဖြစ်သည့် Free Burma Rangers အဖွဲ့တို့နှင့်အတူ ငါးပတ်ကြာ သွားလာခရီးဆန့်ခဲ့ပါသည်။ ဤဒေသသည် တသီးတခြား တည်ရှိနေသည့်အပြင်၊ နေရာအနှံ့အပြား ထူထပ်စွာ ပေါက်ရောက်နေသည့် သစ်တောအုပ်များ ဝန်းရံထားသည့်အတွက် လှပလှသော်လည်း၊ အလွန်ပင် အအေးပိုလှပါသည်။ ခရီးစဉ်၏ ပထမပိုင်း၌ ကျွန်ုပ်တို့မှ KNU ထိန်းချုပ်ရာဒေသများအား ဖြတ်သန်းသွားပြီး၊ ကရင်ကျေးရွာများတွင် တည်းခိုခဲ့ကြပါသည်။ ခရီးစဉ်နှောင်းပိုင်းများ၌၊ ကျွန်ုပ်တို့သည် မြန်မာစစ်တပ်၏ “လေးတန်ဖြတ်တောက်မှု စစ်ဆင်ရေး” ဆိုင်ရာ သောင်းကျန်းသူ ချေမှုန်းမှု စစ်ရေးအစီအစဉ်များကြောင့် လူသူကင်းမဲ့၊ ရှင်းလင်းနေခဲ့သည့် တောတွင်းဒေသများမှ တဆင့် သတိချပ်ကာ ခရီးဆက်သွားလာခဲ့ရသည်။

ကျွန်ုပ်သည် နှစ်အနည်းငယ်မတိုင်မီကာလများထဲမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး၊ ယခုအခါ စစ်တပ်မှ “အမဲလိုက်သကဲ့သို့ ရှာဖွေ၊ သတ်ဖြတ်မှုများ”မှ ရှောင်ရှားနိုင်ရန်အလို့ငှာ၊ မတည်ငြိမ်သည့် “ပုန်းရှောင်”နေထိုင်မှု ဘဝများတွင် နေထိုင်နေရရှာသည့် ရွာသားများကိုလည်း တွေ့ခဲ့ရသည်။ ၎င်းတို့မှာ ရှေးယခင်ကာလများ၌ ရေသွင်းစပါးစိုက်ပျိုးလုပ်ကိုင်သူများ ဖြစ်သည့်အလျောက်၊ စားစရာ ကောက်ပဲသီးနှံ နှစ်ပတ်လည်စာ လုံလောက်ရရှိသည့်အပြင် အနည်းငယ်ပင် ပိုလျှံခဲ့သေးသည်။ ယခုတွင်မူ

တောင်ပေါ်ရွှေ့ပြောင်းစိုက်ပျိုးမှု (ရိတ်သိမ်း၊မီးရှို့ စိုက်ပျိုးမှု) စနစ်အား အသုံးပြုသူ လယ်သမားများ ဖြစ်လာသည့် အတွက်၊ တစ်နှစ်၏ ခြောက်လတာမျှသာ ဖူလုံသည့် ဝမ်းစာစပါးအထွက်ကိုသာ ရရှိနေသည်။

၂၀၁၂ ခုနှစ် ဧပြီလအတွင်း KNU နှင့် အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး အတည်ပြုချက် ရရှိပြီးကာလနောက်ပိုင်းတွင်၊ ကျွန်ုပ်မှ ပထမဦးဆုံး မြန်မာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ (MPSI) ရှေ့ပြေးစီမံကိန်းများအား အစပျိုးကူညီရန် ကျောက်ကြီးဒေသသို့ ချားလ်စ်ပက်ထရီ (Charles Petrie) နှင့် အတူတကွ သွားရောက်ခဲ့ပါသည်။ ထို စီမံကိန်းသည် မြန်မာအစိုးရ၏ တောင်းဆိုချက်အရ နော်ဝေးနိုင်ငံအစိုးရ၏ ထောက်ပံ့မှုအောက်တွင် လုပ်ရှားဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ပြီး၊ ဤစီမံကိန်းဆိုင်ရာ ခရီးစဉ်သည် KNU ဗဟိုနှင့် ခရိုင်အုပ်ချုပ်ရေးပိုင်း ခေါင်းဆောင်များ၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

ကဲ့ဒါ ကျေးရွာအုပ်စုဆီသို့ ခရီးဆက်ရန်အတွက် အကြိုထောက်လာသည့် KNU ဘက်မှ လာရောက်ကြိုဆိုသူများဆီသို့ မရောက်ရှိမီ၊ ကျွန်ုပ်တို့သည် ရှေ့တန်းစစ်မြေပြင်တွင် စခန်းချနေသည့် မြန်မာတပ်မတော်နှင့် အစိုးရဌာနဆိုင်ရာဘက်မှ လိုက်လံပို့ဆောင်သူများနှင့် ခရီးဆက်သွားလာခဲ့သည်။ KNU ၏ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ရာ ဌာနစိတ်တစ်ခုဖြစ်သော ပြည်တွင်းရှိ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ ကရင်တိုင်းရင်းသားများဆိုင်ရာ ကော်မတီအုပ်ချုပ်ရာ ဒေသအတွင်း ပြုလုပ်နေသည့် လိုအပ်ချက်စစ်ဆေးမှု စစ်တမ်းစီမံချက်မှ ရလာသည့် အချက်အလက်များအား ပြန်လည်အတည်ပြု မေးမြန်းလေ့လာခြင်း၊ ရွာသူရွာသားများနှင့် စကားစမြီ ပြောဆိုခြင်းများဖြင့် ကျွန်ုပ်တို့၏ ၂ ရက်တာအချိန်အား ၎င်းကျေးရွာများ၌ ကုန်ဆုံးစေခဲ့ပါသည်။

၎င်းစစ်တမ်းစီမံချက်အပေါ် အခြေခံကာ၊ MPSI မှ ပဋိပက္ခဒဏ် ခံစားခဲ့ရသော လူမှုအသိုင်းအဝိုင်းများ၊ အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ KNU နှင့် KNLA တို့၏ ခေါင်းဆောင်များ စသည်တို့အား အတူတကွ ပြန်လည်ပေါင်းစည်းရန် ကြိုးပမ်း၊ အစပျိုးခဲ့သည့် ဆွေးနွေးညှိနှိုင်းမှု များစွာအား ကူညီဆောင်ရွက်ပေးခဲ့သည်။

ပဲခူးနယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးတို့ ထိုင်နေရာမှ ကိုက်အနည်းငယ်အကွာတွင် ထိုင်နေသည့်၊ လူကောင်သေးငယ်လှသော်လည်း ကြံ့ခိုင်သန်မာသည့် နေရပ်စွန့်ခွာတိမ်းရှောင်နေသူတစ်ဦးလည်း ဖြစ်သည့် ကဲ့ ကျေးရွာအုပ်စုခေါင်းဆောင်မှ ၎င်း၏ ရွာသူရွာသားများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား မည်မျှ တန်ဖိုးထား လိုလားကြောင်း၊ သို့ပါသော်လည်း ဝန်ကြီး (ဗမာစစ်ဗိုလ်ချုပ်မှ) ၎င်းတို့ရွာအား ထပ်မံ မီးရှို့/မရှို့အား အာမခံပေးနိုင်မပေးနိုင်အား ပွင့်လင်းစွာ မေးမြန်းချက်ကို ကြားသိရသည်မှာ အထူးပင် အံ့အားသင့်၊ လေးစားဖွယ် ဖြစ်ပေသည်။

ဝန်ကြီးမှ ထိုစကားအပေါ် မကျေလည်သည့် အရိပ်အယောင်ဖြစ်ပွားခဲ့ပြီး၊ ထိုကဲ့သို့ အထိအရှမခံ၊ တင်းမာသည့် အခြေအနေကြောင့် စကားဝိုင်းအခြေအနေမကောင်းသလို ခဏတဖြုတ် ဖြစ်ခဲ့သေးသည်။ သို့ပါသော်လည်း ဝန်ကြီးမှ ၎င်းမှ ထိုကဲ့သို့ မယုံကြည်နိုင်သည့် အခြေအနေများအပေါ် သိရှိနားလည်ကြောင်း၊ ထိုရွာများအား မီးရှို့မှုများအား ထပ်မံပြုလုပ်မည် မဟုတ်ကြောင်းတို့အား ပြောကြားခဲ့သည်။ ၎င်းမှ ဆက်လက်၍ မေးမြန်းခဲ့သူ ကျေးရွာအုပ်စုခေါင်းဆောင်မှ ဤစကားအပေါ် မယုံကြည်နိုင်သည်ကိုလည်း သိရှိခံစားနားလည်ကြောင်း၊ သို့ဖြစ်ပါ၍ အချင်းချင်းအကြား

ယုံကြည်မှုတည်ဆောက်ရန် စည်းဝေးတွေ့ဆုံ၊ ညှိနှိုင်းမှုများအား၊ တစ်ဦးနှင့်တစ်ဦးအကြောင်း လေ့လာသင်ယူမှုများအား ဆက်လက် လုပ်ဆောင်သွားရလိမ့်မည်ဖြစ်ကြောင်းအား ထပ်လောင်း ပြောကြားခဲ့ပါသည်။

စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း၊ ရက်သတ္တပတ် အနည်းငယ်အချိန်တွင် MPSI မှ ထိုမေးမြန်း၊ပြောဆိုခံကြသူနှစ်ဦးပါ ပါရှိသော နောက်ထပ် စည်ဝေးညှိနှိုင်းမှုတစ်ခုအားလည်း စီမံပေးခဲ့နိုင်သေးသည်။

ထိုကဲ့သို့ တင်းမာသည့်အခြေအနေ ဖြစ်ပွားခဲ့ရသည့် အကြောင်းအရင်းမှာ - ခဲ့ဒါကျေးရွာမှ လူများသည် ထောက်ပံ့ရေးပစ္စည်းများစုဆောင်းရန်အလို့ငှာ၊ ရှေ့တန်းစစ်တပ်ကိုဖြတ်ပြီး သွားရသည်။ မြန်မာစစ်တပ်နှင့် ပတ်သက်လာလျှင် KNU အား အားပေးထောက်ခံသူများအဖြစ် အကြမ်းဖက်ဆက်ဆံမှု၊ သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်မှု အစရှိသည့် ဆက်ဆံမှုများနှင့်သာ အမြဲတစေ ကြုံတွေ့ခဲ့ရလေ့သည့် ၎င်းရွာသားများအား၊ မြန်မာစစ်တပ်မှ လမ်းတစ်လျှောက်လုံး အကြမ်းဖက်မှုမသုံးသော် လည်း၊ ခြောက်လှန့်မေးမြန်းမှုများအား ဆက်လက် ပြုလုပ်နေသည့် အတွက်ဖြစ်သည်။

ကျေးရွာစု အုပ်စုခေါင်းဆောင်မှ ရှင်းလင်းပြောပြသည်မှာ၊ ဤတင်းမာမှု အခြေအနေများသည် စီမံကိန်းအတွင်း ပါဝင်ဆွေးနွေးနေသူများအတွက် ထိတ်လန့်ကြောက်ရွံ့ဖွယ် အခြေအနေရပ်များပင် ဖြစ်ပေသည်။ တဖန်၊ ဝန်ကြီးမှ ထိုစကားအပေါ် သဘောမကျစွာဖြင့် မြန်မာ့တပ်မတော်သည် မိဘသဖွယ်ဖြစ်သည့်အတွက် ၎င်း၏ ကလေးများအား မေးမြန်းပိုင်ခွင့် အခွင့်အရေးရှိကြောင်း ပြောကြားခဲ့သည်။ သို့ပါသော်လည်း၊ ၎င်းမှ တည်ငြိမ်သွားသောအခါ ရွာသူရွာသားများမှ ထိုကဲ့သို့ ထိတ်လန့်ကြောက်ရွံ့စရာ အခြေအနေများအား မကြုံတွေ့ရအောင်၊ ယင်းတို့၏ ရှေ့တန်းစစ်မြေပြင်ရှိ စစ်သားများအား ထိုကဲ့သို့ ဟန့်တား၊ မေးခွန်းမေးမြန်းခြင်းများအား မပြုလုပ်ရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

ထို့နောက်၊ ဝန်ကြီးမှ ထိုကျေးရွာခေါင်းဆောင်အား ယင်းကဲ့သို့ ပြဿနာရပ်များအား ပွင့်လင်းစွာ ဆွေးနွေးပြောကြားရဲသော ၎င်း၏ သတ္တိအား ချီးကျူးဖက်လဲတကင်း ပြောကြားနှုတ်ဆက်ခဲ့ပြီး၊ အတူတကွ လေ့လာသင်ယူကာ တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုအား တည်ဆောက်သွားမည့်အကြောင်း ပြောကြားခဲ့သေးသည်။ ကျွန်ုပ်မှ ထိုကဲ့သို့ စစ်မှန်သော အသွင်ကူးပြောင်းမှု ငြိမ်းချမ်းရေးဖြစ်စဉ် ပေါ်ပေါက်လာဖွယ်အား ထိုအခြေအနေမျိုးအား တွေ့ကြုံခဲ့ရသည်မှာ အထူးအခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ သို့ပါသော်လည်း ဒေသခံ ငြိမ်းချမ်းရေးအဆင့်မှ အခြားဒေသများပါ ပြုလုပ်ဆောင်ရွက် လာနိုင်မည့် ငြိမ်းချမ်းရေးအခြေအနေတစ်ရပ်ဆီသို့ ပြောင်းလဲ မြှင့်တင်ရန်မှာ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေသေးသည်။ အထူးသဖြင့် တိုင်းပြည်၏ နေရာအချို့၌ ဆက်လက် ဖြစ်ပွားလက်ရှိသော် တိုက်ပွဲများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဖော်ဆောင်လာနိုင်မှု ယုံကြည်ချက်အား မှေးမှိန်စေလျက် ရှိသည်။

**နောက်ငါးနှစ်အကြာ**

ကျွန်ုပ်မှ ခဲ့ဒါ ကျေးရွာအား ပထမအကြိမ် လည်ပတ်ခဲ့စဉ်၌ ထိုရွာမှာ လူသူကင်းမဲ့နေသော စွန့်ပစ်ကျေးရွာတစ်ခုသာ ဖြစ်သည်။ ယခင် နှစ်ပေါင်း ၄၀ ကျော်ကာလ၌ ခဲ့ဒါ ကျေးရွာသားများ

ထွက်ပြေးတိမ်းရှောင်ခဲ့ရာ တောင်ကုန်းပေါ်တက်ရာလမ်းခရီးတွင် တည်ရှိနေသည့် တဲငယ်တစ်လုံးသာ တွေ့ခဲ့ရသည်။

ထိုအချိန်မှစ၍ ခဲ့ဒါ ကျေးရွာသူ၊ ရွာသားများသည် KNU ထိန်းချုပ်ရာ ဒေသများတွင် မြန်မာစစ်တပ် စစ်ဆေးမှုများမှ ရှောင်ရှားလွတ်မြောက်ရန် လူနည်းစု အခြေချနေထိုင်ခြင်း ပုံစံမျိုးဖြင့် သာ နေထိုင်လာခဲ့ကြသည်။ ကျွန်ုပ်မှ ၎င်းတို့အား ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ အဘယ်ကြောင့် မသွားရောက်ခဲ့သလဲဟု မေးမြန်းရာတွင်၊ ၎င်းတို့မှ မိမိတို့၏ ဘိုးဘွားမိဘများ မှီတင်းကျက်စားနေထိုင်ရာ ဘိုးဘွားပိုင်ဇာတိမြေ၌သာ နေလိုကြောင်းအား ပြောကြားခဲ့သည်ကို အမှတ်ရခဲ့ပါသည်။ ကျွန်ုပ်မှ ဤရွာသူရွာသားများမှ ၎င်းတို့၏ နေရာဌာနအပေါ် ချစ်မြတ်နိုး၊ သစ္စာရှိမှုများ၊ ဇာတိမြေအပေါ် ဂုဏ်သိက္ခာရှိစွာ စောင့်ထိန်းခြင်းများအပေါ် များစွာလေးစားမိပါသည်။

၂၀၁၃ ခုနှစ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ပေါ်လာသည်နှင့်အမျှ ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူအချို့မှ ခဲ့ဒါရွာနှင့် ဤဒေသရှိ အခြားရွာများသို့ ပြန်လည် ပြောင်းရွှေ့ခြင်းများ စတင်ပြုလုပ်လာခဲ့ကြသည်။ ကနဦး ပြန်လည်ပြောင်းရွှေ့လာသူများသည် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများအား ပြန်လည်ထူထောင်ရေးများအား စတင်ပြုလုပ်ခဲ့ကြပါသည်။ ဤဒေသရှိ လူအများစုသည် စကောကရင်ဘာသာစကားအား အသုံးပြုကြပြီး၊ ခရစ်ယာန်ဘာသာဝင် အနည်းငယ်နှင့် နတ်ကိုးကွယ်သူအများစု ဖြစ်ကြသည်။ ကျွန်ုပ်နှင့် စကားပြောဆိုခဲ့သူများမှာ ဗမာစကားပြောတတ်ကြောင်း မည်သူမှ မပြောဆိုခဲ့ကြပေ။

ရွာသူရွာသားများမှ ၎င်းတို့၏ မြန်မာစစ်တပ်အား ကြောက်ရွံ့မှုအကြောင်းကို ထပ်ခါတလဲလဲ ပြောဆိုခဲ့ကြသည်။ ကျေးရွာလူထုမှ ၎င်းတို့သည် မြေမြုပ်မိုင်းများအပေါ် (ကြောက်ရွံ့မှုမရှိပဲ) လိုလားကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုမြေမြုပ်မိုင်းများသည် ၎င်းတို့လယ်ယာမြေ၊ ကျေးရွာလူထုများ အား မြန်မာစစ်တပ်မှ လာရောက်တိုက်ခိုက်နိုင်ခြင်းမရှိအောင် ကာကွယ်ပေးထားသည့် အကာအရံတံတိုင်းများသဖွယ် ဖြစ်နေသောကြောင့်ဟု ပြောကြားခဲ့ပါသည်။ ပြန်လည်ရောက်ရှိလာသော ကျေးရွာသားများမှ လယ်ယာမြေများအား သွားရောက် ထွန်ယက်နိုင်သော်လည်း၊ (မြန်မာစစ်တပ်များ အုပ်ချုပ်လျက်ရှိသော မြေနေရာများအပါအဝင်) ဤနေရာဒေသများ၏ လုံခြုံရေးကင်းမဲ့ခြင်း၊ စပါး ထွန်ယက်စိုက်ပျိုးစရာ လက်နက်ကိရိယာများ မရှိခြင်းတို့ကြောင့် စိုက်ပျိုးထွန်ယက်ခြင်းများအား မပြုလုပ်နိုင်ပေ။

လူငယ်တစ်ယောက်မှ "ငြိမ်းချမ်းရေးသာ တကယ်ရခဲ့ရင်၊ ကျွန်တော်တို့ ကိုယ့်ရွာ၊ ကိုယ့်မြေပေါ်မှာ အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံ နေနိုင်မှာပဲ။ ဒါပေမဲ့ ကျွန်တော်တို့က စစ်တပ်ကိုတော့ ကြောက်နေတုံးပဲ။ အနာဂတ် တိုက်ပွဲတွေဖြစ်မလားလို့ ပူပန်နေတုန်းပဲ"ဟု ကျွန်ုပ်အား ပြောကြားခဲ့ပါသည်။

ကရင်စစ်တပ်ဘက်မှ တစ်ယောက်ကျဆုံးပြီး တစ်ယောက်ဒဏ်ရာ ရစေခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာစစ်တပ်၏ စစ်ရေးစစ်ဆင်တိုက်ခိုက်မှုမှ ထိုကြောက်ရွံ့မှုများအား ပိုမိုတိုးပွား စေခဲ့သည်။

လူလတ်ပိုင်း အမျိုးသမီးတစ်ယောက်မှ "ကျွန်မတို့က ငြိမ်းချမ်းရေးလိုချင်တယ်၊ အပစ်အခတ်ရပ်စဲရေးက ကောင်းမွန်တဲ့ အစပျိုးမှုတစ်ခုပဲ။ ဒါပေမဲ့ ဗမာစစ်တပ်ကိုတော့ ကြောက်နေရတုံးပဲ" ဟု ကျွန်ုပ်အား ပြောကြားခဲ့ပါသည်။

အများစုမှ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပျက်ယွင်းသွားမည်လား၊ သို့မဟုတ် ထိုအပစ်အခတ်ရပ်စဲရေးမှာ ၎င်းတို့နေထိုင်ရာ နေရာဒေသများသို့ မြန်မာစစ်တပ်၏ အချုပ်အခြာအာဏာ တိုးပွားရောက်ရှိအောင် ယူဆောင်မှုများ ပြုလုပ်လာမည်လားကို စိုးရိမ်နေကြပါသည်။ ထို့ကြောင့် ရွာသူရွာသား အများစုမှ စစ်တပ်မှ ၎င်းတို့ရှိရာ ဝေးလံခေါင်ဖျားရာ နေရာများသို့ လာရောက်နိုင်အောင် အထောက်အပံ့ပေးနိုင်သော တောင်တန်းများဆီသို့ သွားရာလမ်းများအား ဖွံ့ဖြိုးကောင်းမွန်အောင် ပြုလုပ်ခြင်းများအား အပြင်းအထန် ကန့်ကွက်ဟန့်တားခဲ့ကြသည်။

၎င်းတို့မှ ဗမာစကားနှင့် အင်္ဂလိပ်စကားတို့အား မပြောကြားနိုင်သည့်အတွက်၊ ၎င်းတို့သည် သတင်းများအပေါ် လက်လှမ်းမှီခြင်းများမရှိချေ။ ရွာသူရွာသား အများစုမှ ၂၀၁၅ ခုနှစ်၏ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ် မသိရှိ၊ နားမလည်မှုများအား ဖော်ပြကြသည်။ ကျွန်ုပ်မေးမြန်းခဲ့သော လူများစွာအနက်မှ နှစ်ယောက်သာ လက်ရှိနိုင်ငံတော် သမ္မတအမည်ကို ပြောပြနိုင်ခဲ့သည်။

တစ်ချို့မှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား သိရှိခဲ့ကြသော်လည်း၊ ၎င်းတို့မှ ထိုကိစ္စသည် ၎င်းတို့နှင့် မသက်ဆိုင်သော၊ ၎င်းတို့ကြောက်ရွံ့ရာ၊ ၎င်းတို့နှင့် ဝေးကွာလှသော အစိုးရ၏ ကိစ္စရပ်တစ်ခု ဖြစ်သည်ဟု ယူဆသည့်အတွက် မည်သူကမျှ ပါဝင်မဲပေးခဲ့ခြင်း မရှိခဲ့ချေ။ ဤအခြေအနေသည် ရွာသူရွာသားများမှ ရွေးကောက်ပွဲအပေါ် ၎င်းတို့နှင့် သက်ဆိုင်မှုမရှိသည့် အစိုးရအုပ်ချုပ်ရာ (နိုင်ငံရပ်ခြားကဲ့သို့ဖြစ်နေသည့်) သီးသန့် ဗမာတိုင်းပြည်၌ ဖြစ်ပွားသော အဖြစ်အပျက်တစ်ခုဟုသာ ကျယ်ပြန့်စွာ ယုံကြည်နေမှုအား ထင်ဟပ်ပြနေသည်။ အများစုအား ဒေါ်အောင်ဆန်းစုကြည်အား ကြားသိကြသော်လည်း၊ "သူမမှ အစွမ်းကုန် ကြိုးစားနေသည်"ဟူသည့်ဆိုသော အချက်မှ သူမနှင့် ပတ်သက်သည့် အခြားအကြောင်းအရာများအား မသိရှိကြကြောင်း ပြောကြားခဲ့ကြသည်။

ရွာသားအချို့မှ ကြားရလေ့ရှိသည့် ပြောဆိုချက်များနှင့် မတူညီစွာ ပြောကြားခဲ့သည်မှာ "KNU နဲ့ ဗမာအစိုးရတို့က သူတို့ပိုင်တဲ့နေရာတွေကို သေသေချာချာ သတ်မှတ်ပြောကြားသင့်တယ်။ အဲဒါမှ ကျုပ်တို့တွေက ကျုပ်တို့အတွက် လုံခြုံမှုရှိတဲ့ ကေအန်ယူပိုင်တဲ့ နေရာတွေနဲ့ ဗမာစစ်တပ်ကပိုင်တဲ့ ကျုပ်တို့အတွက် လုံခြုံမှုမရှိတဲ့ နေရာတွေကို ကွဲကွဲပြားပြား သိနိုင်မယ်"ဟူ၍ ဖြစ်သည်။

ကျေးရွာသက်ကြီးပိုင်းများမှ ထင်းမီးလှုံ စကားစမြီ ပြောဆိုရာတွင် ၎င်းတို့မှ "ကျုပ်တို့က ကေအန်ယူကို ထောက်ခံတယ်။ ဗမာစစ်တပ်က သူရဲ့ စစ်တပ်တွေကို ရုတ်သိမ်းစေချင်တယ်။ ဗမာအစိုးရက ကျုပ်တို့ကို မနှောက်ယှက်စေချင်ဘူး " စသည်အား ပြောကြားခဲ့သည်။ နောက်တစ်ယောက်မှ ပြောကြားသည်မှာ ဤပြောကြားချက်များအား အခြားသော ကရင်အသိုင်းအဝိုင်းများမှ ထင်မြင်ယူဆချက်များဟု ခြုံငုံမယူဆစေလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် တစ်ချို့မှာ ပြင်းထန်စွာ တိုက်ပွဲဝင်နေသေးကြောင်း တို့အား ပြောကြားခဲ့ပါသည်။

အပစ်အခတ်ရပ်စဲရေး မတိုင်မီကာလတွင်၊ အနည်းငယ်သော ရွာသူရွာသားများသာ မြန်မာအစိုးရ အုပ်ချုပ်ရာ ဒေသများသို့ သွားလာလည်ပတ်ခဲ့ဖူးသည်။ ထိုလက်ပတ်မှုများမှာ အများအားဖြင့် အန္တရာယ်များသော၊ ကြောက်ရွံ့ဖွယ်ကောင်းသော၊ ပုန်းရှောင် သွားလာမှုမျိုးများသာ ဖြစ်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူကာလမှစ၍ ရွာသူရွာသား အနည်းငယ်သာ အစိုးရထိန်းချုပ်ရာ ဒေသများသို့ ဆွေမျိုးများ သို့မဟုတ် ဈေးများအား သွားရောက်လည်မှုမှုများ ရှိလာခဲ့သည်။ သို့သော်လည်း ထိုသို့ လည်ပတ် သွားရောက်မှုများ တိုးပွားလာသည့်အပြင်၊ ကြောက်ရွံ့မှုများ လျော့နည်းလာကြောင်းကိုလည်း ပြန်လည် ကြားသိရသည်။

အချိန်ကာလတိုးပွားလာသည်နှင့်အမျှ၊ ဤဒေသရှိ ကျေးရွာလူထုများသည် ဗဟိုအစိုးရနှင့် ပတ်သက်သည့် အချက်အလက်များအပေါ် တဖြည်းဖြည်း သင်ယူသိရှိလာနိုင်ပေမည်။ သို့ပါသော်လည်း၊ စိတ်ချယုံကြည်မှုနှင့် နားလည်သဘောပေါက်မှုများသည် တဖြည်းဖြည်း တရွေ့ရွေ့ တည်ဆောက်ရယူရမည့် အရာများ ဖြစ်ပြီး၊ မြန်မာတပ်မတော်၏ စစ်ဌာနများ ဤဒေသများအတွင်း တပ်စွဲစစ်ဆင်ရေး ပြုလုပ်ချက်များ လျော့ချ၊ အလုံးစုံ ရုတ်သိမ်းပေးနိုင်မှုမပေါ် များစွာ မူတည်နေပေသည်။

**အရေးပါသော စကားလုံးများ - မြန်မာစစ်တပ်/ဗမာစစ်တပ် (မြန်မာတပ်မတော်)၊ ပဋိပက္ခ၊ တိုင်းရင်းသားရေးရာ ကိစ္စ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်** (KNLA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)။